# သာမန်ကာလ (၃၂)ကြိမ်မြောက်တနင်္ဂနွေ

ရှင်မာတေဦး ၂၅း၁ - ၁၃

အသင်းတော်ရဲ့ ဝတ်ပြုကိုးကွယ်ခြင်းနှစ်က ကုန်ခါနီးအချိန်မှာ ဖတ်ရတဲ့ ကျမ်းစာတွေအားဖြင့် ခရစ်တော်ရဲ့ ကြွလာခြင်းကို ပိုပြီး အာရုံစိုက်စေပါတယ်။ ယနေ့ဖတ်ရတဲ့ ရှင်မာတေဦး ၂၅ ထဲကအတိုင်း သတို့သား ကြွရောက်လာမှာကို ဆီမီးခွက်တွေနဲ့ ကြိုဆိုကြတဲ့ သတို့သမီးအရံတွေလို ကျနော်တို့ အဆင့်သင့် ပြင်ဆင်ကြရပါမယ်။ ရိုးရိုးရှင်းရှင်း ပြောရရင် ကျနော်တို့လည်း ကောင်းကင်နိုင်ငံတော်ထဲ ဝင်ရောက်နိုင်ဖို့ သတိဝီရိယနဲ့ အဆင်သင့် စောင့်နေကြရပါမယ်။ ခရစ်တော်ကြွလာမည့်အချိန်ဆိုတာ ကမ္ဘာကုန်တဲ့အချိန် ခရစ်တော် ဒုတိယအကြိမ်ကြွလာတာပဲဖြစ်ဖြစ်၊ ကျနော်တို့ ဒီလောကအသက်တာကုန်ဆုံးလို့ သေတဲ့အခါပဲဖြစ်ဖြစ် ခရစ်တော်နဲ့ တွေ့ဆုံရမည့်အချိန်ကို ပြောတာပါ။

တကယ်တမ်းတော့ သခင်ယေဇူး ကြွလာတာဟာ ကျနော်တို့ဘဝထဲကို နေ့တိုင်း ကြွလာနေပါတယ်။ ကျနော်တို့ ဝမ်းနည်းရတဲ့အခါဖြစ်စေ၊ ပျော်နေတဲ့အခါဖြစ်စေ၊ ကျရှုံးတဲ့အခါဖြစ်စေ၊ အောင်မြင်တဲ့အခါဖြစ်စေ၊ သခင်ယေဇူးက ကျနော်တို့ဆီကို ကြွလာနေတာပါပဲ။ နေ့တိုင်း ကြုံတွေ့နေရတဲ့ ဘဝအဖြစ်အပျက်ထဲမှာ ဘုရားကို နားထောင်မယ်၊ ဘုရားအလိုအတိုင်း လိုက်လျှောက်မယ်ဆိုရင် သင်ဟာ ဘုရားကို လက်ခံကြိုဆိုနေတာပါပဲ။ နေ့တိုင်း ဘယ်လိုအဖြစ်အပျက်ပဲကြုံကြုံ၊ ကြုံလာသမျှအဖြစ်အပျက်တိုင်းကို ဘုရားတရားနဲ့ ခံယူတယ်၊ ဘုရားကို ယုံယုံကြည်ကြည် လက်ခံတယ်၊ ဘယ်တော့မှ စိတ်မပျက်ပဲ ဘုရားသခင်ကြောင့် မျှော်လင့်ချက်ကြီးတယ်။ ဒါဆိုရင် သင်ဟာ နေ့တိုင်း ဘုရားနဲ့ အဆက်မပြတ်ဘူး။ အမြဲတမ်း ဘုရားကို လက်ခံကြိုဆိုနေတာပါပဲ။ အဲဒီလို နေ့စဉ်နေ့တိုင်း ဘုရားနဲ့ လက်ပွန်းတသီး ရှိနေတဲ့လူက နောက်ဆုံးအချိန် သခင်ယေဇူး ကြွလာတဲ့အခါမှာလည်း ဘာမျှကြောက်စရာမလိုပဲ အဆင်သင့်စောင့်နေတဲ့လူလို ဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ သူက နေ့တိုင်း ဘုရားကို သူ့ဘဝထဲမှာ လက်ခံကြိုဆိုနေတဲ့သူ ဖြစ်လို့ပါပဲ။

ကျနော်တို့ ခရစ်ယာန်တွေအနေနဲ့ လောကထဲမှာ အသက်ရှင်နေထိုင်နေကြတာက ဘုရားဖူးဧည့်သည်တွေလိုပဲ သဘောထားကြပါတယ်။ ကောင်းကင်ဘုံကို ခရီးသွားနေကြတဲ့ ဘုရားဖူးဧည့်တွေလို့ဆိုရင် မမှားပါဘူး။ ကျနော်တို့ရဲ့နောက်ဆုံးပန်းတိုင်၊ ကျနော်တို့ရဲ့ ထာဝရနေအိမ်ဆီကို သွားနေကြတာဖြစ်လို့ ဘာဝမ်းနည်းနေစရာ ရှိသလဲ။ ယနေ့ဖတ်ရတဲ့ ရှင်ပေါလူးရဲ့ ဆုံးမစာမှာ "ညီအစ်ကိုတို့၊ မျှော်လင့်ခြင်း မရှိသော အခြားသူများကဲ့သို့ ဝမ်းနည်းကြေကွဲခြင်းကို မခံစားရစေရန် သေလွန်သွားသောသူတို့အကြောင်းကို သင်တို့သိစေရန် ငါတို့ အလိုရှိကြ၏။ " သေလွန်လို့ ဒီလောကထဲက ထွက်ခွါသွားရတာက ဝမ်းနည်းစရာ မဟုတ်ဘူး။ ပျက်စီးသွားတာ မဟုတ်ဘူး တဲ့။ ယေဇူးဘုရားရှင်နဲ့ ရဟန္တာတွေနဲ့ သိကြားတမန်တွေနဲ့ ကျနော်တို့ အတူတူ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရတော့မှာလေ၊ ဒါ ဝမ်းနည်းစရာလားဗျာ ။ ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းထဲကလို သတို့သမီးအရံတွေ မင်္ဂလာဆောင်သတို့သားကို ပျော်ပျော်ရွှင်ရွှင်

ကြိုဆိုကြသလို ကျနော်တို့အတွက်လည်း ပျော်စရာပါပဲ။ ဒါကြောင့် ရှင်ပေါလူးက "ထို့ကြောင့် သင်တို့အချင်းချင်း ဤစကားများအားဖြင့် အားပေးနှစ်သိမ့်ကြလော့" လို့ ရေးထားပါတယ်။ အဲ့ဒီလို သခင်ဘုရားကြွလာမှာကို မျှော်လင့်နေတဲ့စိတ်က နေ့တိုင်း ကျနော်တို့ကို လှုံ့ဆော်အားပေး နေစေရပါမယ်။ ဥပမာ ဒေါသဖြစ်စရာအဖြစ်အပျက် ကြုံလာရင်လည်း ဒေါသမထွက်ပဲ ဘုရားအလိုတော်အတိုင်း ကျေအေးခွင့်လွှတ်လိုက်တယ်ဆိုရင် သင်က သခင်ဘုရားကို လက်ခံကြိုဆိုလိုက်တာပါပဲ။ ဒီလိုနည်းနဲ့ သခင်ဘုရားကို နေ့တိုင်း လက်ခံကြိုဆိုနေတဲ့သူတွေအဖို့ သခင်ဘုရား နောက်ဆုံးချိန် ကြွလာတဲ့အခါမှာလည်း လက်ခံကြိုဆိုဖို့က မခက်တော့ဘူးလေ။

တစ်သက်လုံး ဘုရားကို မချစ်ပဲ လစ်လျူရှုနေတဲ့လူအတွက်တော့ နောက်ဆုံးချိန် သခင်ဘုရား ကြွလာတဲ့အခါ သူ့အတွက် တစ်စိမ်းလို ဖြစ်နေမှာပဲ၊ ကောင်းကင်ဘုံကလည်း သူ့အတွက် အစိမ်းသက်သက် ဖြစ်နေမှာပဲ။ တခါမှ ကောင်းကင်ဘုံကို မတမ်းတဖူးဘူးလေ။ အဲအချိန်ကြမှ ဘုရားကို ချစ်မယ်၊ ရင်းနှီးကျွမ်းဝင်မယ်ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ တစ်သက်လုံးတောင် ဘုရားကို သတိမယခဲ့တဲ့သူက သေခါနီးကျမှ ဘယ်လိုလုပ်ပြီး ဘုရားကို ချစ်တဲ့ဇာတ်လမ်း စလို့ မဖြစ်နိုင်တော့ပါဘူး။ နောက်ကျသွားပြီ။ မနက်ဖြန် စာမေးပွဲဖြေရမည့်သူက ဒီညမှ စာ စကျက်မယ်ဆိုတာ သိတ်နောက်ကျသွားပါပြီ၊ ကင်ဆာ အဆင့် ၄ ရောက်နေမှ စပြီး ကျန်းမာရေးကို လိုက်စားတော့မယ်ဆိုတာ သိတ်နောက်ကျသွားပါပြီ။ တစ်သက်လုံး ဒေါသ မောဟ လောဘနဲ့ နေလာတာ သေခါနီးကျမှ ဒါတွေကို ရုတ်တရက်စွန့်လွှတ်နိုင်မယ်ထင်သလား၊ သိတ်ကို နောက်ကျသွားပါပြီ။ ဘာမဆို အဆင်သင့် ပြင်ထားဖို့ လိုတာပေါ့။ ဒါကြောင့် ယေဇူးဘုရားရှင်က ယနေ့ ဧဝံဂေလိကျမ်းစာမှာ မိန့်တော်မူထားသလို "သတိနှင့် စောင့်နေကြလော့" လို့ သတိပေးထားပါတယ်။

ယနေ့ ယေဇူးဘုရားရှင် မိန့်တော်မူတဲ့ ပုံဥပမာထဲက ဉာဏ်အမြော်အမြင် မရှိတဲ့ သတို့သမီးအရံ ၅ ယောက်လို သတို့သား ကြွရောက်လာမှ ဆီကို ချေးငှါးလို့ မရတော့ပါဘူး။ ဒီလိုပဲ သခင်ဘုရား ကြွလာမှ၊ သေခါနီးမှ ပါရမီတွေ သူများဆီက ချေးငှါးလို့ မရပါဘူး။ ဘုရားကို ချစ်တဲ့အချစ်တွေကို ဝယ်လို့လည်း မရပါဘူး။ ကိုယ် ကိုယ်တိုင် ဘုရားနဲ့ တွေ့ထိခံစားရာမှ ဖြစ်လာရတဲ့ ဆက်ဆံရေးပါ။ ဘုရားနဲ့ ရင်းနှီးကျွမ်းဝင်မှုပါ။ သူတပါးဆီက ချေးငှါးလို့ မဖြစ်တဲ့အရာပါ။

ဉာဏ်အမြော်အမြင် မရှိတဲ့ သတို့သမီးအရံ ၅ ယောက်က သူများလို ဆီကို ဗူးနဲ့ အပိုထည့်ယူခဲ့သင့်တယ်ဆိုတာ သူတို့ သိမှာပါ။ ဒါပေမဲ့ ပေါ့ပေါ့ဆဆပဲ သဘောထားပါတယ်။ အရေးတယူ မရှိကြပါဘူး။ ကျနော်တို့လည်း ကိုယ့်မှာ ရှိထားတဲ့ယုံကြည်ခြင်းကို အရေးတယူထားဖို့ လိုပါတယ်။ ယုံကြည်ခြင်း တိုးပွါးအောင် ဘုရားကျောင်းတက်ဖို့ လိုတယ်၊ ဆုတောင်းဖို့လိုတယ်၊ ကျမ်းစာဖတ် ထောက်ရှုစဉ်းစားဖို့ လိုပါတယ်။ ပေါ့ပေါ့ဆဆ သဘောထားရင်တော့ သခင်ဘုရားက "သင်တို့ကို ငါ မသိ" လို့ ပြောလွှတ်လိုက်ပါလိမ့်မယ်။

ပညာအမြော်အမြင်ရှိတဲ့ သတို့သမီးအရံ ၅ ယောက်က ဆီမီးခွက်တွေကိုယ်စီနဲ့ မင်္ဂလာဆောင်ပွဲထဲကို ဝင်သွားကြရပါတယ်။ ကျနော်တို့ ဘဝလမ်းခရီးအဆုံးကို ရောက်တဲ့အခါ ကျနော်တို့ရဲ့ဝိညာဉ်မှာ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာ ဆိုတဲ့ ဆီမီးတွေ တောက်လောင်နေပြီး မင်္ဂလာဆောင်ပွဲလို ပျော်စရာကောင်းတဲ့ ကောင်းကင်နိုင်ငံတော်ထဲ

ရောက်ရှိနိုင်ကြပါလိမ့်မယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။